easternhealth
GREAT HEALTH AND WELLBEING

***အပြင်လူနာ ဆေးခန်းများ***

***Box Hill Hospital***

*တနလာ် 4pm – 6pm*

*ကြာသာပတေး 10.30am-12.30pm*

***Maroondah Hospital***

*Fri 1.30pm-3.30pm*

***ဆက်သွယ်ရန် / ရည်ညွှန်းစာ***
*ဖုံး 9094 9548*
*ဖက်စ် 9899 9137*

***စကားပြန်ဝန်ဆောင်မှုများ-***

*သင့်တွင် အင်္ဂလိပ်ဘာသာစကား အခက်အခဲရှိလျှင် သင့် ရက်ချိန်းများအတွက် စကားပြန်ကို ကျွန်ုပ်တို့ဝန်ထမ်းများက စီစဉ်ပေးနိုင်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ သင့်အိမ်မှကျွန်ုပ်တို့အားဆက်သွယ်နိုင်သည်- စကားပြန်ဝန်ဆောင်မှု ဖုံး 131450 ကိုဆက်၍ သင့်ဘာသာစကား ကိုပြောပြပြီး သင် ဆက်သွယ်လိုသည့် ဖုံးနံပါတ် နှင့် ဆက်သွယ်လိုသည့်သူ၏အမည်ကို ပေးပြီး အဆက်အသွယ်ရသည်အထိ စောင့်နေပါ။*

*စကားပြန်ဝန်ဆောင်မှုများ သည် သင့်အတွက် အခမဲ့ဖြစ်ပါသည်။*

# အသည်းရောင်ရောဂါ ပိုးစီ ဆိုတာ ဘာလဲ။

အသည်းရောင်ရောဂါ ပိုးစီ သည် ဗိုင်းရပ်စ်ပိုး တစ်ခုဖြစ်ပြီး အသည်းရောင်ကိုင်းလာအောင် ဖြစ်ပေါ်စေသည်။ နှစ်အတန်ကြာလာသည့်အခါ၊ အသည်းရောင်ရောဂါ ပိုးစီ သည် အသည်းကိုအကြီးအကျယ်ဖျက်ဆီးနိုင်ပါသည်။

ကမ္ဘာအနှံ့ အပြားတွင် အသည်းရောင်ရောဂါ ပိုးစီ အမျိုးအစား အမျိုးမျိုး မြောက်မြားစွာ ရှိပါသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် အသည်းရောင်ရောဂါ ပိုးစီ ကူးစက်ခံရသည့် လူပေါင်း သန်း 170 ခန့် ရှိပါသည်။

အသည်းရောင်ရောဂါ ပိုးစီ သည် သွေးမှသွေးသို့ ထိတွေ့ရာမှ တဆင့်ကူးစက်ပါသည်။ ဥပမာ- သင့် အနေဖြင့် ဗိုင်းရပ်စ်ပိုးကို ဘိန်းဖြူ၊ ပိုးသတ်ထားခြင်းမရှိသည့်ဆေးဘက်လုပ်နည်းများ သို့မဟုတ် ပိုးသတ်မထားသော ကိရိယာဖြင့် ဆေးမှင်ကြောင်ထိုးခြင်း သို့မဟုတ် အရေပြားထိုးဖောက်တန်ဆာဆင်ခြင်း စသည့် တရားမဝင်ဆေးထိုးအပ်ကိရိယာများကို ဝေမျှဘုံသုံးစွဲရာ မှ တဆင့် ကူးစက်စေပါသည်။

# အသည်းရောင်ရောဂါ ပိုးစီ ၏ရောဂါလက္ခဏာများ

အသည်းရောင်ရောဂါ ပိုးစီ တွင် ရောဂါလက္ခဏာ အမျိုးမျိုးရှိသည်၊ ၄င်းတို့တွင်-

- တုပ်ကွေးအဖျားရောဂါ ပုံစံနှင့်တူသည့် လက္ခဏာများ
- ပင်ပန်းနွမ်းနယ်ခြင်း
- အသည်းတွင် နာကျင်ခြင်း သို့မဟုတ် သက်တောင့်သက်သာမရှိခြင်း
- ကိုယ်အလေးချိန် ကျဆင်းခြင်း / ခံတွင်းပျက်ခြင်း
- အရေပြား ရောဂါများရှိခြင်း
- စိတ်အာရုံ ပြောင်းလဲခြင်း
- ကြွက်သား ကိုက်ခဲခြင်း သို့မဟုတ် နာကျင်ခြင်း

**အသည်းရောင်ရောဂါ ပိုးစီ ကို သင်၏ဆရာဝန် မှ တဆင့် ရိုးရိုးသွေးစစ်ဆေးခြင်းဖြင့် ရောဂါ ရှာဖွေဖော်ထုတ်နိုင်ပါသည်။**

# အသည်းရောင်ရောဂါ ပိုးစီ အတွက် ကုသနည်း။

ဆေးဝါးတို့ဖြင့် အသည်းရောင်ရောဂါ ပိုးစီ ကို ကုသနိုင်ပါသည်။ ၄င်းကုသနည်းတွင် တစ်ပတ်လျှင် တစ်ကြိမ် အရေပြားအောက်၌ ဆေးထိုးခြင်း နှင့် နေ့စဉ် ဆေးသောက်ခြင်းတို့ပါဝင်ပါသည်။ အသည်းရောင်ရောဂါ ပိုးစီ အမျိုးအစားပေါ်မူတည်ပြီး ကုသမှု ကို ၆ လ သို့မဟုတ် တစ် နှစ် ဖြစ်နိုင်သည်။ ကုသမှု ပြီးဆုံးသည့်အခါ၊ သင်၏ ကိုယ်ခန္ဓာတွင်းမှ ဗိုင်းရပ်စ်ပိုး ကို ဖယ်ထုတ်လိုက်ရန် ၅၀ မှ ၈၀ ရာခိုင်နှုန်း အောင်မြင်နှုန်းရှိသည်။

**ထပ်ဆင့်အသည်းပျက်ဆီးမှု ကို ကာကွယ်ရန်အတွက် နေ့ပုံထိုင်ပုံ ပြောင်းလဲမှုများ-**

- ကျန်းမာသော စားသောက်ပုံကိုထိန်းသိမ်းပါ၊ (ရေ များများသောက်ပါ)
- အရက် ကိုလျှော့ပါ သို့မဟုတ် အရက်ဖြတ်ပါ
- သင်၏အသည်းကိုထပ်ဆင့်ပျက်ဆီးစေနိုင်သည့် ဆေးဝါးများကို ရှောင်ကျဉ်ပါ
- အနားယူခြင်းကို များများလုပ်ပါ

# သင့် ဆရာဝန် နှင့် အသည်းအထူးကုဆရာဝန်ကြီး ဆီသို့ ပုံမှန်သွားတွေ့ပါ။